# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၂၃၇ )　　　　ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်(Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးဖြိုးကိုကိုနိုင်<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - | Alliance Eagles Group Limited<br>အမှတ်(၄၀၃)၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>၀၉-၅၀၇၂၄၄၅၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ဆန်ပြောင်း ကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ၀.၆၆၄ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | မြေကွက်အမှတ်( ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁)၊ အကွက်အမှတ်(၈)၊ အမှတ်(၆)၊ မြဝတီမြို့၊ ကရင်ပြည်နယ်။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၇-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | Alliance Eagles Group Limited ၏ ၅-၁၁-၂၀၂၄ ရက်စွဲပါ စာဖြင့် တင်ပြသည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)”** |



၂၄.၃.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)ရှိ မြေဧရိယာ ၀.၆၆၄ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်မည့် ဆန်ပြောင်း ကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)၊ မြေကွက်အမှတ်( ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁)ရှိ မြေဧရိယာ (၀.၆၆၄)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ပြောင်း ကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကရင်ပြည်နယ်၏ ၅-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂၃၀၄/ ကရ(အီးအိုင်အေ)/ ၂၀၂၄ ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဖြိုးကိုကိုနိုင်၊ ဒါရိုက်တာ၊ Alliance Eagles Group Limited၊ အမှတ်(၄၀၃)၊ ယုဇဝါတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၅၀၇၂၄၅၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကုန်ကြမ်းပစ္စည်းများ သယ်ယူစုဆောင်းခြင်း၊ အလေးချိန် စစ်ဆေးခြင်း၊ သိုလှောင်ခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် ထုပ်ပိုးတင်ပို့ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုန်ကြမ်းများကို ဝမ်းပုံစနစ်ဖြင့် စုဆောင်း၍ တိုက်ရိုက်ကြိတ်ခွဲထုတ်လုပ်ပြီး တင်ပို့မှုမဆောင်ရွက်ခင် အပူပေးအခြောက်ခံစက်နှင့် အလုံပိတ် Silo တွင် ထားရှိပြီး ပိုးမွှားပေါက်ဖွားမှုနှင့် အစိုဓာတ်ထိန်းချုပ်ခြင်းအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အသုံးပြုသော ကုန်ကြမ်းများဖြစ်သည့် ရိတ်သိမ်းချွေလှေ့ပြီးသော ဆန်ကွဲနှင့်ပြောင်းများကို ဝမ်းပုံစနစ်ဖြင့် စိုက်ကွင်းများ၊ ကုန်ကြမ်းစုဆောင်းရာနေရာများမှတစ်ဆင့် စက်ရုံသို့ ကုန်တင်ကားများ အသုံးပြု၍ ကုန်ကြမ်း ဝယ်ယူစုဆောင်းခြင်း၊ ကုန်ကြမ်းများကို ကုန်တင်ကားများဖြင့် သယ်ယူပြီး စက်ရုံရှိ အလေးချိန်ကတ္တားပေါ်သို့ ဖြတ်သန်းမောင်းနှင်၍ အလေးချိန်သတ်မှတ်ပြီး ကုန်ကြမ်းလက်ခံပေါက်အတွင်းသို့ ထည့်သွင်း၍ ကုန်ကြမ်းအလေးချိန် စစ်ဆေးပြီး သယ်ယူစုဆောင်းခြင်း၊ ကုန်ကြမ်း(ဆန်ကွဲ/ပြောင်း) ရှိသောနေရာမှ အလိုအလျောက်ခပ်ယူသည့် ရွေ့လျားစက်ဖြင့် သယ်ဆောင်ပြီး ကနဦးသန့်စင်၍ မလိုအပ်သည့် ဖုန်၊ သဲနှင့်အမှိုက်များ၊ အရည်အသွေး မပြည့်မီသည့် ဆန်ကွဲ၊ ပြောင်းများ မပါရှိစေရန် လေမှုတ်ဇကာချစက်တွင် သန့်စင်ခြင်း၊ ကနဦးသန့်စင်ပြီး ကုန်ကြမ်းများကို သိုလှောင်ခြင်းနှင့် ကြိတ်ခွဲခြင်းလုပ်ငန်း မဆောင်ရွက်စဉ် အပူပေးအခြောက်ခံခြင်းနှင့် ၎င်းလုပ်ငန်းစဉ်သည် ကုန်ကြမ်းတွင်ပါဝင်သော အစိုဓာတ်ပမာဏအား ကုန်စင်စေရန်


လေအပူများပေး၍ အစိုဓာတ်ဖယ်ရှားခြင်း၊ ကုန်ကြမ်းများအား အပူပေးအခြောက်ခံစက်သို့ ထည့်သွင်းပြီး အပူပေးအခြောက်ခံပြီးနောက် အစိုဓာတ်အား လိုအပ်သောအရည်အသွေး ပမာဏ ရောက်သည်အထိ ဆောင်ရွက်ပြီး အစိုဓာတ်ထိန်းလေလုံပိတ် ကတော့ချွန်ပုံသိုလှောင်ကန် (Silo)တွင် သိမ်းဆည်းမည် ဖြစ်ပါသည်။ အရည်အသွေးပြည့်မီသည့် သိမ်းဆည်းထားသော ပြောင်းဆန်၊ ဆန်ကွဲများကို ကြိတ်ခွဲစက်တွင် ပြောင်းဆန်မှုန့်၊ ဆန်ကွဲမှုန့်အဖြစ် ရရှိစေရန် ကြိတ်ခွဲမှုန့် ညက်စက်အား အဓိကထားအသုံးပြုပြီး ကြိတ်ခွဲပြီးသော ပြောင်းဆန်မှုန့်၊ ဆန်ကွဲမှုန့်များအား အရည်အသွေး စစ်ဆေးခြင်းနှင့် စစ်ဆေးပြီး အရည်အသွေးပြည့်မီသော ပြောင်းဆန်မှုန့်၊ ဆန်ကွဲမှုန့် များအား ကုန်ချောသိုလှောင်ထားရှိသည့် silo မှ တစ်ဆင့် ကုန်ချောအိတ်များဖြင့် ထည့်သွင်းထုပ်ပိုးပြီး အစိုဓာတ်လေလုံခန်းတွင် ထိန်းသိမ်းကာ ကုန်တင်ကားများဖြင့် မှာယူသည့် ပြည်တွင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ အခြေခံကုန်ကြမ်းမှာ ဆန်ကွဲ၊ ပြောင်းဆန်အခြောက်နှင့် ပြောင်းဆန်အစိုတို့ ဖြစ်ပါသည်။ ကုန်ကြမ်းများကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဝယ်ယူသုံးစွဲမည်ဖြစ်ပြီး တစ်နှစ်လျှင် ကုန်ကြမ်း(၂၅,၀၀၀)မက်ထရစ်တန်ခန့် သုံးစွဲမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား အသုံးပြုမှုအနေဖြင့် မြဝတီမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁,၀၀၀ ကီလိုဗို့ ထရန်စဖော်မာဖြင့် သွယ်တန်းအသုံးပြု၍ လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ၄၀၀ ကီလိုဝပ်အားရှိ ဒီဇယ်မီးစက်အား အသုံးပြုမည် ဖြစ်ပါသည်။ တစ်လလျှင် လျှပ်စစ်ဓာတ်အား ၄၀,၀၀၀ ယူနစ် သုံးစွဲမည်ဖြစ်ပါသည်။ လောင်စာဆီတစ်နှစ်လျှင် ၄,၅၀၀ ဂါလန်အား သံတိုင်ကီများဖြင့် သိုလှောင်အသုံးပြုမည် ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် စက်ရုံတွင်းရှိ အဝီစိတွင်းမှ အသုံးပြုမည်ဖြစ်ပြီး ၁,၀၀၀ ဂါလန်ဆံ့ ကွန်ကရစ်ရေကန်တစ်ခု သိုလှောင်သုံးစွဲမည်ဖြစ်ပြီး တစ်နှစ်လျှင် ၁၀၉,၀၀၀ ဂါလန်ခန့် သုံးစွဲမည် ဖြစ်ပါသည်။ စက်နှင့်ယန္တရားအသုံးပြုမှုအနေဖြင့် mecmar Mobile Grain, Dryer Model D 24/175(၁)စုံ, Brand New wheel Loader(၁)စုံ, Grain Grinding System(၁)စုံ, Bucket Evevator(၂)စုံ, Chain Conveyor-19m(၁)စုံ, Chain Conveyor-21m(၂)စုံ, Valve-Electro-Pneumatic Slide Gate Valve Carbon Steel(၄)စုံ, Valve-manual Slide Gate Valve Carbon Steel Construction(၄)စုံ, Valve-2-Ways, Electro-Pneumatic Divider, Carbon Steel Constru - ction(၂)စုံ, Weighbridge-60 Ton, 3m x 16m Digital Electric Weighbridge(၁)စုံ, Cleaner-Vibrating Cleaner(၁)စုံ, Cleaner-Aspirator Cleaner(၁)စုံ, Moisture Tester(၁)ခု, Storage Silo-92.5 Tons Storage/ Each, Carbon Steel Construction(၄)စုံ, Platform-Carbon Steel Construction, Platform for Cleaners(၁)စုံ, Fan-Storage Silo Exhaust Fan, Axial Fan, 4kW, 380 VAC, 3PH(၄)စုံ, Fan-Storage Silo Exhaust Fan, Axial Fan, 15kW, 380 VAC, 3PH(၄)စုံတို့ အသုံးပြုမည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အား(၃၇)ဦးအား တစ်နေ့လျှင် တနင်္လာနေ့မှသောကြာနေ့ထိ

အလုပ်လုပ်ချိန်(၈)နာရီ၊ စနေနေ့တွင် အလုပ်လုပ်ချိန်(၄)နာရီနှုန်းဖြင့် လည်ပတ်ဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)၊ မြေကွက်အမှတ်( ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁)တွင် တည်ရှိပါသည်။


Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)ရှိ မြေဧရိယာ ၀.၆၆၄ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



**Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)ရှိ မြေဧရိယာ ၀.၆၆၄ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**



## Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)ရှိ မြေဧရိယာ ၀.၆၆၄ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက Alliance Eagles Group Limited မှ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၆)၊ အကွက်အမှတ်(၈)၊ မြေကွက်အမှတ်( ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၈၊ ၃၀၉၊ ၃၁၀၊ ၃၁၁)ရှိ မြေဧရိယာ ၀.၆၆၄ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်/ပြောင်းမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ကရင်ပြည်နယ်၏ ၅-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂၃၀၄/ကရ(အီးအိုင်အေ)/၂၀၂၄ ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့်သက်ဆိုင်သည့်အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ကုန်ကြမ်းပစ္စည်းများ သယ်ယူစုဆောင်းခြင်း၊ အလေးချိန် စစ်ဆေးခြင်း၊ သိုလှောင်ခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် ထုပ်ပိုး တင်ပို့ခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအတွက် နှာခေါင်းစည်းများ လုံလောက်စွာ စီစဉ်ပေးရန်၊

(၂) အမှုန်အမွှားစုပ်စက်၊ လေစုပ်ပန်ကာနှင့် လေမှုတ်ပန်ကာများ တပ်ဆင် အသုံးပြုရန်၊

(၃) စက်နှင့် ယန္တရားများအား ပုံမှန် ပြုပြင် ထိန်းသိမ်းရန်၊

(၄) အိပ်ဇောသန့်စင်စက်နှင့် လေစစ်ဇကာများ တပ်ဆင် အသုံးပြုရန်၊

(၅) အမှုန်ထုတ်လွှတ်မှု တိုင်းတာသည့်ကိရိယာ တပ်ဆင်အသုံးပြုရန်၊

(၆) အပူချိန်များသော နေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန် Ventilation System နှင့် Air Flow System များ တပ်ဆင်ရန်၊

(၇) နေ့စဉ် ရေဖျန်းရန်၊

(၈) အရည်အသွေး ပြည့်မီသော လောင်စာဆီ သုံးစွဲရန်၊

(၉) ယာဉ်သုံးစွဲမှုကို အနည်းဆုံးဖြစ်စေရေး စီမံ ဆောင်ရွက်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန် ပြုပြင် ထိန်းသိမ်းရန်၊

(၂) ဒီဇယ်ဂျင်နရေတာအား လူနေရပ်ဝန်းနှင့် စက်ရုံဝန်ထမ်းများ၏ ဝေးရာတွင် တပ်ဆင်ထားရှိရန်၊

(၃) စက်ယန္တရားများအား အသံလုံစနစ် တပ်ဆင်ရန်။

(င) **ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသွယ်ပိုက်လိုင်းများအား စနစ်တကျ တပ်ဆင် အသုံးပြုရန်၊

(၂) ရေနုတ်မြောင်းအတွင်း အမှိုက်များ မစွန့်ပစ်အောင် ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများ ကောင်းမွန်စွာ စီးဆင်းမှုရှိ/မရှိ ပုံမှန်စစ်ဆေး ထိန်းသိမ်းရန်၊

(၃) မိလ္လာစနစ်အား ကောင်းမွန်အောင် ဆောင်ရွက်ရန်။

(စ) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား အမျိုးအစားခွဲခြားစွန့်ပစ်၍ ပြန်လည် အသုံးပြုခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရန်၊

(၂) အမှိုက်ပုံးများအား လုံလောက်အောင် စီစဉ် ထားရှိရန်၊

(၃) ပြန်လည်အသုံးပြု၍မရသော စွန့်ပစ်အမှိုက်များအား သက်ဆိုင်ရာမြို့တော်/မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်ရန်။

(ဆ) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးသတ်ဆေးဘူးများအား လုံလောက်အောင် ထားရှိပေးခြင်းနှင့် သုံးစွဲရန် ကျော်လွန်မှု ရှိ/မရှိ ပုံမှန် စစ်ဆေးပြုပြင်ရန်၊

(၂) အရေးပေါ်ထွက်ပေါက်များအား ရှင်းလင်းစွာ ဖော်ပြရန်နှင့် အမြဲသန့်ရှင်းအောင် ဆောင်ရွက်ရန်၊

(၃) မီးလောင်လွယ်သော ဓာတုပစ္စည်းများနှင့် ဆီများအား သီးခြားတွင် စနစ်တကျ သိုလှောင်သုံးစွဲရန်၊

(၄) မီးသတ်ဆေးဘူးများ၊ မီးသတိပေးစနစ်၊ အရေးပေါ်တံခါးပေါက်၊ လှေကားနှင့် အရေးပေါ်စုရပ်များကို လုံလောက်စွာ ထားရှိရန်၊

(၅) ဝန်ထမ်းများအား မီးဘေးအန္တရာယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးရန်နှင့် သရုပ်ဖော်ဓာတ်တိုက်မှုများ စီစဉ်ဆောင်ရွက်ရန်၊

(၆) အရည်အသွေး မပြည့်မီသော လျှပ်စစ်ပစ္စည်းများ၊ ဝါယာကြိုးများ၊ မီးသီး၊ မီးချောင်းများအား ပြုပြင် လဲလှယ်ခြင်းနှင့် ဝန်ပိုလျှပ်စစ်ဓာတ်အား အသုံးပြုမှုကို ထိန်းချုပ်

ဖြတ်တောက်ပေးနိုင်သည့် အလိုအလျောက် ဖြတ်တောက်ကိရိယာ(Auto Voltage Cutout)အသုံးပြုရန်နှင့် သတိပေးအသံစနစ် တပ်ဆင်ရန်၊

(၇) စက်ရုံဝန်းအတွင်း ဆေးလိပ်သောက်သုံးခြင်းအား ကန့်သတ် တားမြစ်ခြင်းနှင့် မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များနှင့် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များအား မြင်သာအောင် ချိတ်ဆွဲထားရှိရန်၊

(၈) လောင်စာဆီအား ယိုဖိတ်မှု မရှိစေရန် သံပိုက်လိုင်းဖြင့် သွယ်တန်း၍ ဘားအပိတ်/အဖွင့် တပ်ဆင်သုံးစွဲခြင်းနှင့် ဆီယိုဖိတ်မှု ရှိ/မရှိ စစ်ဆေးပြီး လိုအပ်သောပမာဏသာ ဖြည့်တင်းသုံးစွဲရန်။

(ဓ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းများအား တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်း(PPE)များ ထောက်ပံ့ပေးရန်၊

(၂) စက်နှင့်ယန္တရားများအား ပုံမှန် စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ဆီယိုစိမ့်မှု ရှိမရှိ ပုံမှန် စစ်ဆေးခြင်းနှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲရန်၊

(၄) စက်ယန္တရားအနီးတွင် မီးလောင်ပေါက်ကွဲလွယ်သော ပစ္စည်းများမရှိအောင် ပုံမှန် ရှင်းလင်းရန်၊

(၅) စက်များ အသုံးမပြုမီ ကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်းနှင့် ကျွမ်းကျင်ဝန်ထမ်းများသာ ကိုင်တွယ် အသုံးပြုရန်၊

(၆) စက်ယန္တရားများတွင် စက်လည်ပတ်မှုအရေးပေါ် ရပ်နားသည့်ခလုတ်/စနစ်များကို အလွယ်တကူ မြင်နိုင်သည့်နေရာတွင် တပ်ဆင်ရန်၊

(၇) ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ စေလွှတ်၍ ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးရန်၊

(၈) အန္တရာယ်ရှိသော ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ စနစ်တကျ ဝတ်ဆင် သုံးစွဲမှု ရှိ/မရှိ စစ်ဆေးရန်၊

(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး သတိပေး ဆိုင်းဘုတ်များ တပ်ဆင်ခြင်းနှင့် အလုပ်ချိန်အား အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ရန်၊

(၁၀) အရေးပေါ်ဆေးသေတ္တာ ထားရှိခြင်းနှင့် သောက်သုံးရေအား လုံလောက်စွာ စီစဉ်ပေးရန်။

(ဈ) **သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ချောင်းများ ရေကြီးရေလျှံမှု ဘေးအန္တရာယ်မှ ကာကွယ်ရန် ရေလျှောင်ကန်များ တည်ဆောက်ရန်၊

(၂) တောမီးလောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရန် မီးတားကွင်း လုံလောက်စွာ ဖောက်လုပ်ခြင်းနှင့် ကြိုတင်ကာကွယ်မှု လျော့ပါးရေးအစီအမံများ ကြိုတင်ပြင်ဆင်ရန်၊

(၃) လေပြင်းတိုက်ခတ်ခြင်းနှင့် ရေကြီးခြင်းတို့မှ ထိခိုက်မှု လျော့နည်းစေရန် သစ်ပင်တန်းများ စိုက်ပျိုးရန်၊

(၄) မြေငလျင်ဒဏ် ခံနိုင်ရည်ရှိသော အဆောက်အဦဒီဇိုင်းများ အသုံးပြုရန်၊

(၅) အရေးပေါ်အခြေအနေများတွင် လိုအပ်မည့် အစားအစာ၊ ရေ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အမိုးအကာနှင့် အဆင်သင့် အသုံးပြုနိုင်သော ရွက်ဖျင်တဲများ၊ ကိရိယာများ စသည်တို့ကို သိုလှောင်ခြင်း သို့မဟုတ် သယ်ဆောင်နိုင်ရန် စီစဉ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ သတ်မှတ်ပေးရန်၊

(၆) သဘာဝဘေးအန္တရာယ် အမျိုးအစားတစ်ခုစီအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖော်ထုတ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရမည့် အစီအမံများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေ့ကျင့်မှုများ ပြုလုပ်ရန်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ Nitrogen dioxide, Ozone, $PM_{10}$, $PM_{2.5}$, Sulfur dioxide, Carbon Dioxide, Carbon Monoxide စသည့်ပါရာမီတာများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံ၏ ရေနုတ်မြောင်းတွင် pH, Color, BOD, COD, TSS, Total Dissolved Solid, Nitrate, Zinc, Copper စသည့် ပါရာမီတာများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၆)လလျှင်(၁)ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ စက်ရုံ၏အဝီစိတွင်းတွင် pH, Turbidity, Iron, Total Hardness Sulphate, Chloride, TDS စသည့်ပါရာမီတာများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၄) ဆူညံသံထွက်ရှိမှုနှင့်ပတ်သက်၍ စက်ရုံဝန်းအတွင်း dBAဖြင့် တိုင်းတာပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ (၆)လလျှင်(၁)ကြိမ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၅) စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်ပတ်သက်၍ အမှိုက်ပုံများနှင့် အမှိုက်စွန့်ပစ်ရန် သီးခြားကန့်သတ်ထားသည့် နေရာများတွင် အမှိုက်များ ခွဲခြားစွန့်ပစ်ခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း ရှိ/မရှိ စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀) သုံးစွဲရန်၊

(၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်သည့်နေရာ၊ သိုလှောင်သည့်နေရာနှင့် စက်များ ကိုင်တွယ်အသုံးပြုသည့် နေရာများတွင် မတော်တဆ ထိခိုက်ဒဏ်ရာ ရနိုင်မှု၊ ကူးစက်ရောဂါများ ဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်၊

(၇) မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ရာနေရာ၊ ဒီဇယ်မီးစက်နှင့် လျှပ်စစ်ပစ္စည်းများ တပ်ဆင်ထားသည့် နေရာများတွင် မီးမတော်တဆမှု၊ မီးဘေးအန္တရာယ် ကင်းရှင်းမှုအခြေအနေနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အခြေအနေများအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁,၀၀၀,၀၀၀)သုံးစွဲရန်။

(ဠ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား အမျိုးအစားခွဲခြားစွန့်ပစ်၍ ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများအား ရောင်းချရန်နှင့် ပြန်လည်အသုံးပြုရန်၊

(၂) စက်ရုံတည်ဆောက်ထားရာနေရာအား ဘေးကင်းပြီး စနစ်တကျ အခြေအနေဖြစ်သည်အထိ ဆောင်ရွက်ရန်၊

(၃) အမှိုက်များနှင့် အပိုပစ္စည်းများအား စနစ်တကျ စုဆောင်း၍ သက်ဆိုင်ရာမြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက် စွန့်ပစ်ရန်၊

(၄) တူးဖော်ပြီး ကျင်းနှင့်ချိုင့်များအား မြေပြန်လည် ဖြည့်တင်းခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR)အတွက် နှစ်စဉ်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ပ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များအတွက် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(၁) လုပ်ငန်းတည်ဆောက်သည့်ကာလ၊ လည်ပတ်သည့်ကာလနှင့် ပိတ်သိမ်းသည့်ကာလများတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ကုန်ကျငွေ ကျပ် (၁၅,၀၀၀,၀၀၀)ကျပ် သုံးစွဲရန်၊

(၂) လုပ်ငန်းတည်ဆောက်သည့်ကာလ၊ လည်ပတ်သည့်ကာလနှင့် ပိတ်သိမ်းသည့်ကာလများတွင် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များအတွက် ကုန်ကျငွေ ကျပ် (၇,၀၀၀,၀၀၀)ကျပ် သုံးစွဲရန်၊

(၃) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက်ဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) အနံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသား မြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်း များအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက် များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းစက်မှုဇုန်ပတ်လည်တွင် ဒေသနှင့်ကိုက် ညီသော သစ်ပင်ပန်းမန်များ စိုက်ပျိုးပေးရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် စေရေး အစီအမံများ ရေးဆွဲထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆို ပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည် ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး

ငင်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်း ပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေး ပေးချေခြင်း၊ သင့်လျော်သည့် လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက် ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေး ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင် အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို

ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက် ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ် ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့် အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းရေိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေး အခြေအနေ ပြောင်းလဲမှုများ ကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင်

ကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြ မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိ အစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(၄) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လလျှင် တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း

အများပြည်သူ သိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံ သူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင် ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်းအထောက် အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံ မေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက် ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင် အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလ အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ် ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလ အတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---